"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန်နှံလှူတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ အပတ်စဉ်သတင်းထုတ်ပြန်ချက် (၂၂/၂၀၂၃)

အမှတ်စဉ် (၂၂/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဇွန်လ (၅) ရက်။




၂။ NUG ယာယီသမ္မတက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအား ကြားကာလဗဟိုဘဏ် (Interim Central Bank) စီမံခန့်ခွဲရေးအတွက် အာဏာအပ်နှင်း (စာမျက်နှာ - ၂)

၁၀။ ပညာရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်စစ်အာဏာရှင်များနှင့် အညှိခံပူးပေါင်းမှုမပြုရန် (စာမျက်နှာ - ၅)

၅။ ရန်ကုန်တိုင်းစစ်ဒေသခွဲ၏ ပထမဆုံးတပ်ရင်းအဖြစ် တပ်ရင်း ၅၁၀၁ ကို ဖွဲ့စည်း။ (စာမျက်နှာ - ၃)

၁၆။ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်တို့ တွေ့ဆုံ (စာမျက်နှာ - ၇)

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

## ၁။ ဖယ်ဒရယ်ယူနစ်များကြား ဆက်ဆံရေးကိစ္စအား ယာယီသမ္မတပြောကြား



ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ယူနစ်များအကြား ဆက်ဆံရေး အဆင်ပြေချောမွေ့မှသာ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်တိုးတက်မည်ဖြစ်ကြောင်း၊ ရံဖန်ရံခါ ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ယူနစ်များအကြား အာဏာလုပ်ပိုင်ခွင့်အငြင်းပွားမှုများလည်း ဖြစ်တတ်သည်ကို သတိ ပြုကြရန်လိုကြောင်းနှင့် မူအပေါ်တွင်အခြေခံသည့် ဆက်ဆံရေးစနစ်ကို စနစ်တကျတည် ဆောက်ထားကြရန် လိုအပ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ က မေ (၃၀) ရက် အမျိုးသားညီညွတ်ရေး အစိုးရ (၂၀) ကြိမ်မြောက် အစိုးရအဖွဲ့အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

ကြားကာလအတွင်း ပြည်ထောင်စုအစိုးရနှင့် ဖက်ဒရယ်ယူနစ်များအကြား လုပ်ပိုင်ခွင့်များ မရောထွေးကြရန်နှင့် အာဏာအငြင်းပွားမှုများ မဖြစ်စေရန်အထူးလိုအပ်ပြီး၊ ပြည်ထောင်စုအဆင့် အစိုးရအလွှာနှင့် ဒေသန္တရအဆင့်/ပြည်နယ်အဆင့် အစိုးရအလွှာများတွင် စနစ်တကျ ခွဲဝေပိုင်းခြားထားသည့် တာဝန်ယူမှု တာဝန်ခံမှု ကဏ္ဍအသီးသီးထားရှိရန် လိုအပ်ကြောင်း၊ တာဝန်ခွဲဝေမှုများကို ပိုင်းခြားသတ်မှတ်ပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ကာ တိုင်းပြည်နှင့်လူထုကို အကျိုးပြုကြရန် ယာယီသမ္မတက ပြောကြားခဲ့သည်။

https://bit.ly/3NbpRnq

## ၂။ NUG ယာယီသမ္မတက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအား ကြားကာလဗဟိုဘဏ် (Interim Central Bank) စီမံခန့်ခွဲရေးအတွက် အာဏာအပ်နှင်း

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် အစိတ်အပိုင်း(၂)၊ ကြားကာလဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အစီအမံ၊ အခန်း (၄)၊ ပုဒ်မ (၂၅)၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) အရ အမျိုးသားညီညွတ်ရေးအစိုးရက ဥပဒေကဲ့သို့ အာဏာတည် သောအမိန့်ကို ထုတ်ပြန်၍ ကြားကာလဗဟိုဘဏ် (Interim Central Bank) စီမံခန့်ခွဲရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အမျိုးသားညီညွတ်ရေးအစိုးရ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအား အာဏာအပ်နှင်း လိုက်ကြောင်း ယာယီသမ္မတ ဒူဝါလရှီးလက ဇွန် ၁ ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3MScebD





## ၃။ စစ်ကိုင်းတိုင်းဖိုရမ်က စစ်ကိုင်းတိုင်း၏အင်အားကို ပိုမိုညီညွတ် အားကောင်းစေနိုင်မည်ဟု ယုံကြည်ကြောင်း NUG သဝဏ်လွှာပေးပို့



စစ်ကိုင်းဖိုရမ်သည် တိုင်းအတွင်း တော်လှန်ရေးအင်အားစုများစုစည်းမှု၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်း လာစေရေးကို ဖော်ဆောင်နိုင်ပြီး၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁) "ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ကြေညာစာတမ်း" ပါ စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပပျောက်ရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ်ဖျက်သိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက် ရေး၊ အရပ်သား ပြည်သူ့အစိုးရ ပေါ်ထွန်းရေး တော်လှန်ရေးလုပ်ငန်းစဉ်များတွင် စစ်ကိုင်းတိုင်း၏ အင်အားကို ပိုမိုညီညွတ်အားကောင်းစေနိုင်မည်ဟု ယုံကြည်ကြောင်း မေ ၃၀ တွင်ပြုလုပ်သည့် စစ်ကိုင်းဖိုရမ်သို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတော်သမ္မတရုံးက သဝဏ်လွှာပေးပို့ခဲ့သည်။ https://bit.ly/3N9b3pk

## ၄။ နိုင်ငံရေးအရအပြောင်းအလဲများ ကျယ်ကျယ်လောင်လောင် တောင်းဆိုမှုများ ရှိလာနိုင်သည့်အတွက် ပြင်ဆင်ထားရန် ဝန်ကြီးချုပ်တိုက်တွန်း




တော်လှန်ရေးကာလ ရှည်ကြာလာသည့်အတွက် ဘဏ္ဍာငွေ အလေအလွင့်မရှိစေရေးနှင့် ထိထိရောက်ရောက် စနစ်တကျ သုံးစွဲနိုင်ကြရန်၊ စစ်ကောင်စီ၏ အကြမ်းဖက်မှုကြောင့် သေကြေ၊ ထိခိုက်၊ ဒဏ်ရာရ၊ ရှာလုံး ကျွတ်မီးရှို့ခံရမှုအပြင် မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားသည့် စိုက်ပျိုးမြေ၊ကျေး၊ကျွဲ၊နွား၊ဆည်၊ရေပေးမြောင်း၊လမ်းနှင့်တံတားများပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက်ဘတ်ဂျက်တင်ပြတောင်းခံမှုများရှိလာသဖြင့်ပြည်သူများ၏လူမှုစီးပွားအခက်အခဲများကို တတ်စွမ်းသလောက်ပိုင်းဝန်းပံ့ပိုးဖြေရှင်းပေးရန်အတွက်လည်းကောင်း၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် အပြောင်းအလဲများနှင့်အညီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ်မန်းဝင်းခိုင်သန်းက ဇွန် (၁) ရက် ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/3IUHJQU

**ကာကွယ်ရေးဝန်ကြီးဌာန**

## ၅။ ရန်ကုန်တိုင်းစစ်ဒေသခွဲ၏ ပထမဆုံးတပ်ရင်းအဖြစ် တပ်ရင်း ၅၁၀၁ ကို ဖွဲ့စည်း။

အကြမ်းဖက်စစ်ကောင်စီကို စစ်နည်းဗျူဟာကျကျ ပိုမိုထိရောက်စွာ တိုက်ခိုက် ချေမှုန်းနိုင်ရန် ရန်ကုန်တိုင်း စစ်ဒေသခွဲ၏ ပထမဆုံးတပ်ရင်းဖြစ်သည့် တပ်ရင်း ၅၁၀၁ ကို ကာကွယ်ရေးဝန်ကြီး ဌာန၏ လမ်းညွှန်ချက် များအတိုင်း လေ့ကျင့်ရည်ပြည့်ဝပြီး တိုက်ရည်ခိုက်ရည် ကောင်းမွန်ကာ အမိန့်နာခံမှု အားကောင်းသည့် စစ်သည်တော်ကောင်းများနှင့် ဖွဲ့စည်းခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေး တပ်မတော်၊ ရန်ကုန်တိုင်းစစ်ဒေသခွဲဌာနချုပ်က ဇွန် ၁ ရက်တွင်ထုတ်ပြန်ခဲ့သည်။ https://bit.ly/3OWuKSQ



## ၆။ ပြည်သူ့ကာကွယ်ရေး တပ်မတော်က ဆေးဘက်ဆိုင်ရာ စစ်မှုထမ်းဆောင်ရန် ဝန်ထမ်းများခေါ်ယူ

ပြည်သူ့ရဲဘော်များ၊ စစ်ဘေးရှောင်ပြည်သူများနှင့် ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုများ အင်တိုက်အားတိုက် ဆောင်ရွက်နေသောကြောင့် ကျန်းမာရေးဝန်ထမ်းအင်အား တိုးမြှင့်ရန်လိုအပ်နေသည့်အတွက် နိုင်ငံတဝှမ်းရှိ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် သင်ယူတတ်မြောက်ထားသည့် ပညာရပ်များအလိုက် ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဆေးဘက်ဆိုင်ရာစစ်မှုထမ်း လျှောက်ထားကြရန် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်သူ့ကာကွယ်ရေး တပ်မတော်က ထုတ်ပြန်လိုက်ပြီး တာဝန်ထမ်းဆောင်ရမည့် ဒေသအလိုက် လုံခြုံရေးနှင့် စားဝတ်နေရေး အတွက် တာဝန်ယူဆောင်ရွက်ပေးမည်ဟု ဖော်ပြထားသည်။

https://bit.ly/42syM8h

## ၇။ အမှတ် (၁) စစ်ဒေသတွင် ဧပြီလအတွင်း တိုက်ပွဲပေါင်း ၄၀၀ ကျော်ဖြစ်ပွား

အမှတ် (၁) စစ်ဒေသဖြစ်သည့် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် ဖြစ်ပွားခဲ့သည့် အချက်အလက်များအရ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း တိုက်ပွဲပေါင်း ၄၁၅ ကြိမ်ဖြစ်ပွားပြီး ရန်သူ့ဘက်က ၅၂၇ ဦးသေဆုံးကာ ၈၀၁ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ရန်သူ့ထံမှ လက်နက်မျိုးစုံ (၄၉) လက် အပါအဝင် ခဲယမ်းမီးကျောက်အမြောက်အမြား သိမ်းဆည်းရမိခဲ့ပြီး ပြည်သူ့ကာကွယ်ရေးရဲဘော် (၃၉) ဦးမှာ တော်လှန်ရေးအတွက် အသက် ပေးလှူခဲ့ရကာ (၁၃၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက အမှတ် (၁) စစ်ဒေသ၏ လစဉ်တိုက်ပွဲနှင့် ထိခိုက်သေဆုံး အချက်အလက် အနှစ်ချုပ်တွင် ဖော်ပြထားသည်။

https://bit.ly/3WPUSR9

နိုင်ငံခြားရေးဝန်ကြီးဌာန

## ၈။ မိုခါမုန်တိုင်းကြောင့် ပြည်သူ (၁.၆) သန်းခန့် ရေကြီးမှု မြေပြိုမှုဒဏ်ခံရပြီး စစ်ကောင်စီကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသူ (၂) သန်းခန့်၏ဒုက္ခမှာ ပိုမိုဆိုးရွားစေ။

မိုခါဆိုင်ကလုံးမုန်တိုင်းသည် တစ်နာရီလျှင် မိုင် (၁၂၀) နှုန်းအထိ မြန်မာပြည်အနောက် မြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ရခိုင်၊ ပဲခူး၊ ချင်း၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း၊ ရန်ကုန်နှင့် ဧရာဝတီ စသည့်နေရာအနှံ့ အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးမှုများစွာရှိခဲ့ပြီး ပြည်သူ (၁.၆) သန်းခန့်မှာ မုန်တိုင်းနောက်ဆက်တွဲ ရေကြီးမှုနှင့် မြေပြိုမှုများ ဒဏ်ကို ခံစားကြရကြောင်း၊ ယင်းအခြေအနေများမှာ အကြမ်းဖက်စစ်ကောင်စီ၏ မတရား ရက်စက် ကြမ်းကြုတ်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူ (၂) သန်းနီးပါးရှိနေသည့် မြန်မာပြည်သူလူထု၏ ဆင်းရဲဒုက္ခကို ပို၍ ဆိုးရွားစေကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာနေအဖွဲ့က စတင်လုပ်ဆောင်ခဲ့သည့် အမေရိကန်ဒေါ်လာ (၃၃၃)သန်း အရေးပေါ်တောင်းဆိုချက် (Flash Appeal) ကို ကြိုဆိုကြောင်း၊ ကုလသမဂ္ဂ အစီရင်ခံစာများအရ အကြမ်းဖက်စစ်ကောင်စီက အထောက်အပံ့များ ဖြန့်ဝေမှုကို တားဆီးပိတ်ပင်နေကြောင်း၊ မုန်တိုင်းမတိုက်ခတ်မီက ရိုဟင်ဂျာများအပါအဝင် လူထု၏ ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းမှုကို တားဆီးခဲ့ကြောင်းတို့ကို သိရှိရသည့်အတွက် များစွာစိတ်ပျက်ရကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ https://bit.ly/3OUohru



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန
သတင်းထုတ်ပြန်ချက် (၁၁ / ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်)

မိုခါဆိုင်ကလုန်းဆိုင်ရာ ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် မိုခါဆိုင်ကလုန်း ကယ်ဆယ်ရေးနှင့်ပတ်သက်၍ စိတ်အားထက်သန်စွာဖြင့် ရန်ပုံငွေ ထည့်ဝင် လှူဒါန်းခဲ့ကြသည့် နိုင်ငံများ၊ နိုင်ငံတကာနှင့် လူမှုကူညီရေးအဖွဲ့အစည်းများ၊ လူမှုအစုအဖွဲ့များနှင့် တစ်သီးပုဂ္ဂလ အလှူရှင်များအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မိုခါဆိုင်ကလုန်းသည် မေလ ၁၄ ရက်နေ့တွင် လေတိုက်နှုန်း တစ်နာရီလျှင် မိုင် (၁၂၀) နှုန်းအထိ မြန်မာပြည် အနောက်မြောက်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပါသည်။ ရခိုင်၊ ပဲခူး၊ ချင်း၊ မကွေး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း၊ ရန်ကုန်နှင့် ဧရာဝတီအစရှိသည့် နေရာများအနှံ့ အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးမှုများစွာရှိခဲ့ပြီး သမိုင်းတစ်လျှောက် စံချိန်တင် အဆိုးရွားဆုံးမုန်တိုင်း များအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။

မိုခါမုန်တိုင်းကြောင့် လူနေအိမ်များ၊ ကောက်ပဲသီးနှံများနှင့် အဓိကကျသည့် အခြေခံအဆောက်အဦ များ ပျက်စီးဆုံးရှုံးခဲ့ရပြီး၊ ပြည်သူ (၁.၆) သန်းခန့်မှာ မုန်တိုင်းနောက်ဆက်တွဲ ရေကြီးမှုနှင့် မြေပြိုမှုများ ဒဏ်ကို ခံစားကြရသည်။ ယင်းအခြေအနေများမှာ အကြမ်းဖက်စစ်ကောင်စီ၏ မတရား ရက်စက် ကြမ်းကြုတ်မှုများကြောင့် နေရပ်စွန့်ခွာထွက်ပြေးနေရသူ (၂)သန်းနီးပါးရှိနေသည့် မြန်မာပြည်သူ လူထု၏ ဆင်းရဲဒုက္ခကို ပို၍ ဆိုးရွားစေပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံး တွေ့ကြုံခံစားခဲ့ရသည့် ရပ်ရွာလူထုနှင့် ထိခိုက်လွယ်အစုအဖွဲ့များထံသို့ အရေးပေါ်လိုအပ်နေသည့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ အရောက်ပေးပို့နိုင်ရေးအတွက် မိတ်ဖက်တိုင်းရင်းသားနှင့် အရပ်ဘက်အဖွဲ့ အစည်းများနှင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မှတ်သုံမတိုင်မီ အချိန်လုလုပ်ဆောင်ရမည့်ကိစ္စရပ်ဖြစ်ပါသည်။

အကူအညီများထပ်မံပေးပို့နိုင်ရေးအတွက် ရန်ပုံငွေ ပံ့ပိုးပေးနိုင်ရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဌာနေအဖွဲ့က စတင်လုပ်ဆောင်ခဲ့သည့် အမေရိကန်ဒေါ်လာ (၃၃၃)သန်း အရေးပေါ်တောင်းဆိုချက် (Flash Appeal) ကို မိမိအနေဖြင့် ကြိုဆိုပါသည်။ ကုလသမဂ္ဂ အစီရင်ခံစာများအရ အကြမ်းဖက်စစ်ကောင်စီက အထောက်အပံ့များ ဖြန့်ဝေမှုကို တားဆီးပိတ်ပင် နေကြောင်း၊ မုန်တိုင်းမတိုက်ခတ်မီက ရိုဟင်ဂျာများအပါအဝင် လူထု၏ ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းမှုကို တားဆီးခဲ့ကြောင်း တို့ကို သိရှိရသည့်အတွက် များစွာစိတ်ပျက်ရပါသည်။

အဆိုပါလုပ်ရပ်များသည် အကြမ်းဖက်စစ်အုပ်စု၏ စစ်ရေးအကျိုးရလာဒ်အတွက် အထောက်အပံ့များ အား လက်နက်သဖွယ် ဆက်လက်အသုံးချနေမှုနှင့် ရိုဟင်ဂျာများအပေါ် ဖိနှိပ်မှုများ ဆက်တိုက် လုပ်ဆောင်နေမှုတို့ကို ထင်ရှားစွာ ပြသလျက်ရှိပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး Volker Türk က

"လူ့အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများသည် ကြိုတင်သိမြင်နိုင်သကဲ့သို့ ရှောင်ရှား၍ ရနိုင်ခဲ့သည့်ကိစ္စများဖြစ်ကြောင်း၊ ယင်းသည် လူ့အခွင့်အရေးများကို စနစ်တကျ ပိတ်ပင် ငြင်းဆိုမှုများနှင့် သိသာထင်ရှားစွာဆက်စပ်နေကြောင်း၊ စစ်တပ်က ခရီးသွားလာခွင့် ပိတ်ဆို့ ထားမှုများကို ဖယ်ရှားပေးရန်၊ လိုအပ်သည့်အချက်အလက်ကောက်ခံမှုများကို ခွင့်ပြုရန်နှင့် အသက်ကယ်ဆယ်ရေးအကူအညီများနှင့် ဝန်ဆောင်မှုများပေးနိုင်ရန်တို့မှာ အလွန်အရေး ပါကြောင်း" ဖြင့် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ပြည်သူများထံသို့ အကူအညီများရောက်ရှိ နိုင်စေရေးအတွက် အမျိုးသားညီညွတ်ရေးအစိုးရနှင့် ၎င်း၏တိုင်းရင်းသားနှင့် အရပ်ဘက်အဖွဲ့အစည်း မိတ်ဖက်များနှင့် တိုက်ရိုက် ပူးပေါင်းဆောင်ရွက်မှုများ ချဲ့ထွင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

အာဆီယံဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်း အနေဖြင့်လည်း အရေးပေါ်နယ်စပ် ဖြတ်ကျော်အကူအညီများပေးအပ်နိုင်ရေးအတွက် မိမိတို့နှင့် ပူးပေါင်းလျက် ခိုင်မာစွာတည်ဆောက်ထားပြီးဖြစ်သည့် တိုင်းရင်းသားနှင့် အရပ်ဘက်အဖွဲ့အစည်း ကွန်ယက်များမှတစ်ဆင့် အတူအကွ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

## ၉။ အကြမ်းဖက်စစ်ကောင်စီကြောင့် ကျဆုံးခဲ့သည့် ဆေးတပ်သား ၄ ဦးအား အာဇာနည်သူရဲကောင်းများ အဖြစ်အသိအမှတ်ပြု

၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင် ကရင်နီ (ကယား) ပြည်နယ်၊ ရှေ့တန်းတစ်နေရာ၌ ကယား (ကရင်နီ) တော်လှန်ရေးတပ်ပေါင်းစု (Karenni Revolution Union - KRU) ၏ Medic Unit (Demoso) ဆေးတပ်ဖွဲ့မှ ရဲမေ Caroline Khine Lin (၁၇) နှစ်၊ ရဲမေ Angela (၂၀) နှစ်၊ ရဲဘော် မြထွေး (၁၉) နှစ်နှင့် ရဲဘော် ဘော့စကို (၂၂) နှစ်တို့သည် အကြမ်းဖက်စစ်ကောင်စီ၏ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် မြင့်မြတ်စွာကျဆုံးခဲ့ကြောင်း၊ အဆိုပါဆေးတပ်သားများသည် တော်လှန်ရေးရဲဘော်များနှင့် စစ်ဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ ဖြစ်ကြောင်း၊ ကျဆုံးခဲ့သည့် ဆေးတပ်သား ၄ ဦးအား အာဇာနည်သူရဲကောင်းများအဖြစ် အသိအမှတ်ပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက မေ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/3OUE2ie


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
https://moh.nugmyanmar.org/

ဝမ်းနည်းကြောင်း သဝဏ်လွှာ

၂၀၂၃ ခုနှစ်၊ မေလ (၃၀) ရက်

၁။ (၂၇-၅-၂၀၂၃) ရက်နေ့တွင် ကရင်နီ (ကယား) ပြည်နယ်၊ ရှေ့တန်းတစ်နေရာ၌ ကယား (ကရင်နီ) တော်လှန်ရေးတပ်ပေါင်းစု (Karenni Revolution Union - KRU) ၏ Medic Unit (Demoso) ဆေးတပ်ဖွဲ့မှ ရဲမေ Caroline Khine Lin - (၁၇) နှစ်၊ ရဲမေ Angela – (၂၀) နှစ်၊ ရဲဘော် မြထွေး - (၁၉) နှစ်နှင့် ရဲဘော် ဘော့စကို - (၂၂) နှစ်တို့သည် အကြမ်းဖက်စစ်ကောင်စီ၏ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် မြင့်မြတ်စွာ ကျဆုံးခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါ ဆေးတပ်သားများသည် တော်လှန်ရေးရဲဘော်များနှင့် စစ်ဘေးသင့်ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူများ ဖြစ်ကြပါသည်။

၂။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါဆေးတပ်သားများကို အာဇာနည်သူရဲကောင်းများအဖြစ် အသိအမှတ်ပြုအပ်ပြီး မိသားစုများနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၃။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် အပြီးတိုင်ချုပ်ငြိမ်း၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းသည်အထိ အစွမ်းကုန် ကြိုးပမ်းတိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်းကို နွေဦးတော်လှန်ရေးကာလအတွင်း ကျဆုံးခဲ့ရသည့် အာဇာနည်သူရဲကောင်းအပေါင်းအား တိုင်တည်သစ္စာထား၍ ကတိပြုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ

## ၁၀။ ပညာရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်စစ်အာဏာရှင်များနှင့် အညံ့ခံပူးပေါင်းမှုမပြုရန်

တရားမဝင်အကြမ်းဖက်စစ်ကောင်စီ၏လက်အောက်ခံ လက်ပါးစေ ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘာသာကျောင်းများ၏ အတန်းတင်သတ်မှတ်ချက်များသည် တရားမဝင်ကြောင်း အတိအလင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူမိဘများအနေဖြင့် အကြမ်းဖက် စစ်အာဏာရှင်စနစ်ဆိုးအမြန်ဆုံး အပြီးတိုင်ကျဆုံးစေရေးအတွက် အကြမ်းဖက် စစ်အာဏာရှင်များကို ဒူးထောက်အညံ့ခံ ပူးပေါင်းခြင်း မပြုလုပ်ဘဲ နေအိမ်အခြေပြုသင်ယူခြင်း၊ ပြည်သူ့အခြေပြုကျောင်းများတွင်သင်ယူခြင်း၊ လက်လှမ်းမီရာ နည်းလမ်းအမျိုးမျိုးဖြင့် စဉ်ဆက် မပြတ်ပညာသင်ယူခြင်းကို ဆောင်ရွက်ကြခြင်းဖြင့် အကြမ်းဖက်စစ်ကောင်စီကို ဒူးထောက်သည့် သားကောင်အဖြစ်မှ ရုန်းထွက်တွန်းလှန်တော်လှန်ကြရန် ပညာရေးဝန်ကြီးဌာနက မေ ၂၈ ရက် "၂၀၂၃ ခုနှစ်၊ တော်လှန်ရေးကာလအတွင်း အခြေခံပညာရေးကဏ္ဍဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူမိဘများသို့ အသိပေးတိုက်တွန်း နှိုးဆော်ချက်" တွင် တိုက်တွန်းခဲ့သည်။ https://bit.ly/3MMQdL3

## ၁၁။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် အခြေခံပညာပြီးမြောက်ကြောင်း အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးမည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ အခြေခံပညာ နဝမတန်း (စနစ်ဟောင်း) အထိ (သို့မဟုတ်) အစိုးရနည်း ပညာ အထက်တန်းကျောင်း ပထမနှစ်အထိ တက်ရောက်ဖူးပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် အသက် (၁၇) နှစ် ပြည့် ပြီးသည့် ပြည်သူနှင့်အတူ ရပ်တည်သော ကျောင်းသား၊ ကျောင်းသူများအတွက် "၂၀၂၃ ခုနှစ်၊ အခြေခံ ပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်း" အစီအစဉ်ကို ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ၂၀၂၃ ခုနှစ် စစ်ဆေးအကဲဖြတ်ခြင်း ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစီအစဉ်များတွင် သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဖြေဆိုထားသည့် စာဖြေသူများ၏ အသိအမှတ်ပြုလက်မှတ်အားလုံးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ထုတ်ပေးမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက မေ (၃၁) ရက်တွင် ထုတ်ပြန်ခဲ့သည်။

https://bit.ly/3qn02YG


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်အမှတ် (၁၀/၂၀၂၃)
၂၀၂၃ ခုနှစ်၊ မေလ (၃၁) ရက်

၂၀၂၃ ခုနှစ်၊ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ အသိအမှတ်ပြုလက်မှတ်တွင် ထုတ်ပြန်ပေးမည့် ရမှတ်အဆင့်များကို အများပြည်သူသို့ အသိပေးကြေညာခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ အခြေခံပညာ နဝမတန်း (စနစ်ဟောင်း) အထိ (သို့မဟုတ်) အစိုးရနည်းပညာအထက်တန်းကျောင်း ပထမနှစ်အထိ တက်ရောက်ဖူးပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် အသက် (၁၇) နှစ် ပြည့်ပြီးသည့် ပြည်သူနှင့်အတူ ရပ်တည်သော ကျောင်းသား၊ ကျောင်းသူများအတွက် "၂၀၂၃ ခုနှစ်၊ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်း" အစီအစဉ်ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။

၂။ "အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်း (၂၀၂၃)" ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစီအစဉ်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖြေဆိုထားသည့် စာဖြေသူများ၏ အသိအမှတ်ပြုလက်မှတ်အားလုံးကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ပိုင်းတွင် ထုတ်ပေးမည် ဖြစ်ပါသည်။

၃။ "အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်း (၂၀၂၃)" အသိအမှတ်ပြုလက်မှတ်တွင် ထုတ်ပြန်ပေးမည့် ရမှတ်အဆင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | ရမှတ် | ထုတ်ပြန်ပေးမည့် ရမှတ်အဆင့် |
|---|---|---|
| ၁ | (၉၀) မှတ် မှ (၁၀၀) မှတ် အထိ | A* |
| ၂ | (၈၀) မှတ် မှ (၈၉) မှတ် အထိ | A |
| ၃ | (၇၀) မှတ် မှ (၇၉) မှတ် အထိ | B* |
| ၄ | (၆၀) မှတ် မှ (၆၉) မှတ် အထိ | B |
| ၅ | (၅၀) မှတ် မှ (၅၉) မှတ် အထိ | C* |
| ၆ | (၄၀) မှတ် မှ (၄၉) မှတ် အထိ | C |
| ၇ | (၄၀) မှတ်အောက် ရမှတ်များ | D |

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ပြည်ထဲရေးနှင့်လူဝန်မှုကြီးကြပ်ရေးဝန်ကြီးဌာန

## ၁၂။ ပဲခူးတိုင်း စစ်မြေပြင်ရှေ့တန်းရှိ ရဲဘော်များကို ပြည်ထောင်စုဝန်ကြီး ဦးလွင်ကိုလတ် တွေ့ဆုံပြီး အားပေးစကားပြောကြား



ပဲခူးတိုင်း စစ်မြေပြင် ရှေ့တန်းရှိ ရဲဘော်များအား ပြည်ထဲရေးနဲ့လူဝန်မှုကြီးကြပ်ရေး ဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီးလည်းဖြစ် ပြည်သူ့လုံခြုံရေးနဲ့ကာကွယ်ရေး ကောင်စီအဖွဲ့ဝင်လည်း ဖြစ်သည့် ဦးလွင်ကို လတ်က သွားရောက်တွေ့ဆုံပြီး အမှတ် ၂ စစ်ဒေသခွဲရဲ့ စစ်ရေးရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး၊ ကျေးရွာ ပြည်သူလူထုဆက်လက်တွေ့ဆုံကာ အမျိုးသားညီညွတ်ရေးအစိုးရ၏ တော်လှန်ရေးဆောင် ရွက်နေမှုနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။ https://bit.ly/43G6qZj

## ၁၃။ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ NUG ယာယီသမ္မတ သွားရောက်အားပေးထောက်ပံ့



လွတ်မြောက်နယ်မြေတစ်နေရာအတွင်းရှိ ဆိုင်ကလုန်း မိုခါမုန်တိုင်းသင့် ပြည်သူများထံသို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတ ဒူဝါလရှီးလက သွားရောက်အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ မုန်တိုင်း သင့်ပြည်သူလူထုများထံသို့ အမျိုးသားညီညွတ်ရေးအစိုးရမှ အကူအညီပေးမှုများကို အရပ်ဖက်အဖွဲ့ အစည်းများနဲ့လည်း လက်တွဲဆောင်ရွက်ပေးလျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ https://bit.ly/43odQkd

ကာကွယ်ရေးဝန်ကြီးဌာန

## ၁၄။ ကာကွယ်ရေးဝန်ကြီးဌာနက စစ်ကိုင်းတိုင်း အတွင်း PDF တပ်ရင်းများကို လက်နက် တပ်ဆင်ပေးခဲ့



စစ်ကိုင်းတိုင်းအတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) တပ်ရင်းများကို အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနက မေလအတွင်းမှာ လက်နက်တပ်ဆင်ပေးခဲ့ကြောင်း ဇွန် ၃ ရက်တွင် သတင်း ထုတ်ပြန်ခဲ့သည်။ https://bit.ly/3qpYltz

## ၁၅။ PDF အထူးစစ်ဆင်ရေးအဖွဲ့နှင့် မဟာမိတ် အဖွဲ့များက ကြာအင်းဆိပ်ကြီးရဲစခန်းနှင့် ရုံးများကို တပြိုင်နက် ဝင်ရောက်စီးနင်းတိုက်ခိုက်

ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) အထူးစစ်ဆင်ရေးအဖွဲ့ (Special Operation Force)၊ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) နှင့် Cloud Wings Drone တပ်ဖွဲ့တို့ ပူးပေါင်း၍ ကြာအင်းဆိပ်ကြီးမြို့နယ်ရဲစခန်း၊ ခလရ (၂၈၄) နှင့် ရန်သူ့စစ်သားများ တပ်စွဲထားသည့် ထွေအုပ်ရုံး၊ လဝကရုံး၊ ဆက်သွယ်ရေးရုံး၊ အခွန်ရုံး၊ တရားသူကြီးရုံးများကို ဇွန် ၂ ရက်နေ့ မနက် ၅ နာရီဝန်းကျင်တွင် တပြိုင်တည်း ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြောင်း၊ ရန်သူဘက်က စစ်သားနှင့် ရဲ (၁၀) ဦးသေဆုံးကာ (၁၅) ဦး ဒဏ်ရာပြင်းထန်ရရှိခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေး ဝန်ကြီးဌာနက ဇွန် (၃) ရက်တွင် ထုတ်ပြန်ခဲ့သည်။ https://bit.ly/45IsiVL

နိုင်ငံခြားရေးဝန်ကြီးဌာန

## ၁၆။ နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့ တွေ့ဆုံ



အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံခြားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် နိုလင်းဟေဇာတို့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ တွင် ဇွန်လ (၃) ရက် တွင် တွေ့ဆုံခဲ့ကြောင်း၊ ယင်းသို့တွေ့ဆုံစဉ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မြန်မာ့အရေးဖြေရှင်းဖို့ ကြိုးပမ်းမှုအပေါ် အသိအမှတ်ပြုကြောင်းနှင့် မြန်မာ့အရေးကို နိုင်ငံတကာက ဝိုင်းဝန်းပူးပေါင်းအဖြေရှာရန်လို အပ်ကြောင်း ဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။ https://bit.ly/45JOChP

---

လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

## ၁၇။ မိုခါမုန်တိုင်းသင့်ပြည်သူများအတွက် ကျပ်သန်း (၂၄၀) နီးပါး ကူညီထောက်ပံ့ခဲ့ဟု NUG ထုတ်ပြန်

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ဒဏ်ကြောင့် ထိခိုက်ခံစားနေရသည့် ဒေသများမှ လေဘေးသင့် ပြည်သူများအတွက် အရေးပေါ်စားနပ်ရိက္ခာ၊ အမိုးအကာ၊ Cyclone Emergency Preparedness Kits များ ထောက်ပံ့ပေးခြင်းအပါအဝင် အရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကျပ်သန်း (၂၃၈ ဒသမ ၇) သန်းကို ကူညီထောက်ပံ့ခဲ့ကြောင်း၊ ကနဦးပြန်လည်ထူထောင်ရေးအတွက်လိုအပ်သည့် စိုက်ပျိုးရေးကဏ္ဍ ပျက်စီးဆုံးရှုံးမှုများ၊ လမ်း၊ တံတား၊ လျှပ်စစ်မီးတိုင် ပျက်စီးမှုများအတွက် လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဇွန် (၃) ရက်တွင် ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးသွားသည့် နေအိမ် (၁၆,၃၈၁) လုံးနှင့် ချင်းပြည်နယ်အတွင်း ပျက်စီးသွားသည့် နေအိမ် (၂,၉၁၇)လုံးအတွက် အရေးပေါ်အမိုးအကာ ထောက်ပံ့ပေးခြင်းလုပ်ငန်းများ ကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းဖော်ပြထားသည်။

https://bit.ly/3WNADUe



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန
mohadm@nugmyanmar.org

မိုခါဆိုင်ကလုန်းမုန်တိုင်းဘေးသင့်ပြည်သူများအား လူသားစာနာကိစ္စရပ်များအတွက်
၂၀၂၃ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့အထိ ထောက်ပံ့မှုစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | အကြောင်းအရာ | ကနဦးထောက်ပံ့ငွေ (ကျပ်) |
|---|---|---|---|---|
| ၁ | ရခိုင်ပြည်နယ် | Arakan Heritage Foundation | ကနဦးထောက်ပံ့ငွေ | ၁၀,၀၀၀,၀၀၀ |
| | | မောင်တော၊ ဗူ နှင့် ကျောက်တော် | အရေးပေါ် စားနပ်ရိက္ခာနှင့် အမိုးအကာထောက်ပံ့မှု | ၂၂,၀၀၀,၀၀၀ |
| ၂ | ချင်းပြည်နယ် | ပုလ္လဲကျွန်း | အမိုးအကာ ထောက်ပံ့မှု | ၂၉,၀၀၀,၀၀၀ |
| | | မြောက်ဦး | အမိုးအကာ ထောက်ပံ့မှု | ၂၀,၀၀၀,၀၀၀ |
| | | (၉) မြို့နယ် | ကနဦး အရေးပေါ် ထောက်ပံ့ငွေ | ၁၀,၀၀၀,၀၀၀ |
| | | ကန်ပက်လက် | အမိုးအကာထောက်ပံ့မှု | ၄,၂၂၀,၀၀၀ |
| | | ဟားခါး | အမိုးအကာထောက်ပံ့မှု | ၂,၁၀၀,၀၀၀ |
| | | တီးတိန် | အမိုးအကာထောက်ပံ့မှု | ၁,၀၄၀,၀၀၀ |
| | | မတူပီ (ဒိုတုန်ဒေသ) | အမိုးအကာထောက်ပံ့မှု | ၇,၅၀၀,၀၀၀ |
| | | မတူပီ (မတူဒေသ) | အမိုးအကာထောက်ပံ့မှု | ၁၂,၅၈၀,၀၀၀ |
| | | မတူပီ (မာရာဒေသ) | အမိုးအကာထောက်ပံ့မှု | ၇,၀၀၀,၀၀၀ |
| | | ထန်ထလန် | အမိုးအကာထောက်ပံ့မှု | ၈၂၀,၀၀၀ |
| | | ဖလမ်း | အမိုးအကာထောက်ပံ့မှု | ၂,၀၀၀,၀၀၀ |
| | | မင်းတပ် | အမိုးအကာထောက်ပံ့မှု | ၁၃,၀၈၀,၀၀၀ |
| | | ပလက်ဝ | အမိုးအကာထောက်ပံ့မှု | ၄,၀၀၀,၀၀၀ |
| ၃ | အိန္ဒိယနယ်စပ် | မီဇိုရမ်ပြည်နယ် | စစ်ရှောင်စခန်း (၈) ခုအတွက် အမိုးအကာ ထောက်ပံ့မှု | ၁၂,၀၀၀,၀၀၀ |
| ၅ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ဘဇား | ရိုဟင်ဂျာဒုက္ခသည်များစခန်း | ထိခိုက်လွယ်မိသားစု (၁၄၀) စု အတွက် Cyclone Emergency Preparedness Kits များ ထောက်ပံ့မှု | ၇,၆၀၀,၀၀၀ |
| ၆ | မကွေးတိုင်း | ဆော၊ ရေစကြို၊ ထီးလင်း၊ စလင်း၊ ဆိပ်ဖြူ၊ ဂန့်ဂေါ၊ ပေါက်၊ ပခုက္ကူ | အရေးပေါ် စားနပ်ရိက္ခာလိုအပ်ချက်နှင့် အသက်ဆုံးပါးသူများ၏ ကျန်ရစ်သူ မိသားစုဝင်များအား ထောက်ပံ့မှု | ၂၃,၆၀၇,၀၀၀ |
| ၇ | စစ်ကိုင်းတိုင်း | ကနီ၊ပုလဲ၊ယင်းမာပင်၊ ဆားလင်းကြီး | အရေးပေါ် စားနပ်ရိက္ခာ လိုအပ်ချက် ထောက်ပံ့မှု | ၄၉,၀၅၀,၀၀၀ |
| ၈ | ရန်ကုန်တိုင်း | အင်းစိန် | လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရသူ(၁)ဦးအား ထောက်ပံ့မှု | ၁၀၀,၀၀၀ |
| | | စုစုပေါင်း | | ၂၃၈,၆၉၇,၀၀၀ |



